This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

# ၂၀၂၀ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တအာင်း (ပလောင်)အမျိုးသားပါတီ၏ ကတိကဝတ်

၁) တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို အာမခံနိုင်သည့် စစ်မှန်သော

ဖက်ဒရယ်ဒီမို ကရေစီပြည်ထောင်စု ဖြစ်ပေါ်ရေး၊ နိုင်ငံသားအခွင့်အရေး၊တိုင်းရင်းသားအခွင့်အရေး၊ တန်းတူညီ မျှမှုအခွင့်အရေးနှင့် ကိုယ်ပိုင် (Self-determination) ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံချက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ဆောင်ရွက်သွားမည်။

၂) လူငယ်/ လူရွယ်များ၊ အမျိုးသမီးများတို့၏ အခန်းကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ပိုမိုကျယ်ပြန့် လာအောင် မြှင့်တင်ဆောင်ရွက်သွားမည်။

၃) ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲတိုးတက် လာစေရန် ဆောင်ရွက်သွားမည်။

၄) လယ်ယာမြေကဏ္ဍတွင် လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ပိုင်ခွင့်ရရှိရေး၊ ထွက်ရှိလာသော သီးနှံ များနှင့် ထုတ်ကုန်များတို့ကို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်စေရန်နှင့် အကာအကွယ် ပေးနိုင်ရန် ဆောင်ရွက်သွားမည်။

၅) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သော တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များကို ဖော်ဆောင်သွားမည်။

၆) မြို့ပြနှင့်ကျေးလက်ဟန်ချက်ညီညီ တိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာ

ရေး၊ ကျန်းမာရေး၊ လူမှုရေး နှင့် အလုပ်အကိုင်ရရှိရေး စသည်တို့ကို ဆောင်ရွက်သွားမည်။

၇) ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည့် အစီအမံများကို ချမှတ််ဆောင်ရွက်သွားမည်။